# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 20, 2024 Volume 79, Number 13

၂၀.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၄၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပင်းတယမြို့နယ်အတွင်းရှိ လက်ဖက်စိုက်ခင်းများတွင် ဒုတိယရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများ ခူးဆွတ်ရောင်းချ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း ကျေးရွာအများအပြားရှိ လက်ဖက်စိုက်ခင်းများတွင် ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများအား ဇွန်လတတိယပတ်မှစတင်၍ ခူးဆွတ်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်ဖက်စိုက်ခင်းများနှင့် အသစ်ထပ်မံစိုက်ပျိုးထားကြသည့် လက်ဖက်ပင်စိုက်ခင်းများကို တောင်ပေါ်ကြီး၊ ပင်စိမ်းပင်၊ ထင်းရှူးကုန်း၊ ရှော်ပင်၊ ဒရယ်အင်း၊ အင်းခေါင်း၊ ဒုဒယ်ရေ၊ ကူးကော်၊ ဝါးပြား၊ ထွက်နီ၊ မြေနီတောင်၊ ပါးမဲ၊ ဆီးကျအင်း၊ အင်းငယ်၊ ရေဖြူအစရှိသောကျေးရွာများမှ လက်ဖက်စိုက်တောင်သူများက ယခုဇွန်လ တတိယပတ်တွင် ဒုတိယအကြိမ် ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုများကို ခူးဆွတ်၍ ရွက်စိမ်းလက်ဖက်အစို၊ လက်ဖက်အခြောက်ပြု၍ နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိသည်။

ပင်းတယမြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအများအပြားတို့တွင် လက်ဖက်ပင်များကို အပင်ရေ ၅၀၀ မှ ၃၀၀၀ ခန့်အထိ စိုက်ပျိုးထားကြပြီး တစ်နှစ်လျှင် လေးကြိမ်ခူးဆွတ်ရရှိကြောင်းနှင့် ယခုမတ်လကုန် ဧပြီလဆန်း (တန်ခူးလဆန်း) ပိုင်းတွင် ထွက်ရှိသော လက်ဖက်အမျိုးအစားကို ပထမရွှေဖီလက်ဖက်၊ ဇွန်လတွင် ဒုတိယရွှေဖီလက်ဖက်၊ စက်တင်ဘာလတွင် ခါးကန်လက်ဖက်၊ နိုဝင်ဘာလတွင် နှင်းတက်လက်ဖက်စသည်ဖြင့် ခေါ်ဝေါ်ကြကြောင်း သိရသည်။

ယခုထွက်ရှိသည့် ရွှေဖီမိုးလွတ်လက်ဖက်ရွက်နုမှာ အနံ့အရသာအထူး ကောင်းမွန်သော အကောင်းဆုံး လက်ဖက်အမျိုးအစားဖြစ်ကြောင်း သိရသည်။

http://myawady.net.mm/

## မန္တလေးဈေးကွက်အတွင်း ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ပဲခွဲစက်များနှင့် ပြည်တွင်းသိုလှောင်သူများက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပဲကုန်သည်များထံမှသိရသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လဒုတိယပတ်တွင် ကုလားပဲဖြူလုံးကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀ မှ ၂၅၀,၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၈၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

"ကုလားပဲကို အဓိကကတော့ ပြည်တွင်းစားသုံးဖို့အတွက်ပဲ သုံးကြတာများတယ်။ ဒါပေမဲ့ နယ်တွေက ဒီနှစ်မှာ စိုက်ပျိုးမှုနည်းတဲ့အတွက် အဝင်နည်းပါတယ်။ အဲဒီအခါ ရောင်းချမှုထက် ဝယ်ယူမှုကများလာတဲ့အတွက် အရောင်းအဝယ်ကောင်းလာပါတယ်။ ဒီလိုကောင်းလာတဲ့အတွက် စိုက်ပျိုးသူတောင်သူတွေလဲ အဆင်ပြေပါတယ်"ဟု ပဲကုန်သည် ဦးထိန်လင်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် အတန်းလိုက်စနစ်နှင့် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး နှစ်စဉ် အောက်တိုဘာလမှနိုဝင်ဘာလအထိ စိုက်ပျိုးကြကြောင်းသိရသည်။

"ကုလားပဲက ဒီနှစ်မှာ ကျွန်တော်တို့ဘက်က အစိုက်နည်းတယ်။ အခြားပြည်ပပို့ကုန်ပဲအမျိုးအစားတွေကိုပဲ စိုက်ကြတာများတယ်။ ဒ့ါအပြင် ရာသီဥတုကြောင့်လဲအထွက်နည်းတယ်" ဟု မြစ်သားမြို့နယ်ဒေသခံ ကုလားပဲစိုက်တောင်သူ ဦးကျန်ဝေက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ရေဆင်း (၃)၊ (၆)၊ (၈)၊ (၁၁)၊(၁၂) စသည့်မျိုးများကို မျိုးစေ့ထုတ်တောင်သူများထံမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် အတန်းလိုက်စနစ်ဖြင့် အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ရှမ်းတောင်ဒေသထွက် ပဲလိပ်ပြာ ဝယ်လိုအားမြင့်ပြီး ဈေးကောင်းရနေ

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပဲလိပ်ပြာစတင်ထွက်ရှိနေပြီဖြစ်ရာ တစ်ပိဿာ ကျပ် (၃၂၀၀) ဈေးဝန်းကျင်ဖြင့် ဈေးကောင်းရနေကြောင်း တောင်သူတို့ကပြောသည်။ ပဲလိပ်ပြာကို ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ဟိုပုန်းနှင့်လွိုင်လင်မြို့နယ်တို့တွင် စိုက်ပျိုးကြသည်။

အခုတော့ စထွက်တဲ့ကာလမို့ ဈေးပိုပြီးပေးလာကြတယ်။ ဈေးနှုန်းက မဆိုးဘူးလို့ပြောလို့ရတယ်"ဟု တောင်သူတစ်ဦးက ဆိုသည်။ ပဲလိပ်ပြာစတင်ထွက်ရှိသည့် မေလလယ်က တစ်ပိဿာလျှင် ကျပ် (၂၀၀၀) ဖြင့် ဈေးကွက်ဖွင့်ခဲ့ပြီး ဇွန်လဆန်းတွင် တစ်ပိဿာ ကျပ် (၃၂၀၀) အထိရောက်ရှိလာခဲ့ရာ တစ်လအတွင်း ကျပ် (၁၂၀၀) ဈေးမြင့်တက်လာခဲ့သည်ဟု တောင်သူတို့က ပြောသည်။

ပဲလိပ်ပြာကို နှစ်စဉ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် စိုက်ပျိုးကြကာ ဇွန်လမှဒီဇင်ဘာလအထိ ဆက်တိုက်ထွက်ရှိကြောင်း ကုန်သည်တို့ကဆိုသည်။

၂၀၂၃ ခုနှစ်က ပဲလိပ်ပြာဈေးနှုန်းသည် တစ်ပိဿာ ကျပ် (၁၅၀၀) ဝန်းကျင်ဖြင့် ဈေးကွက်ဖွင့်ခဲ့ပြီး တစ်ပိဿာ (၂၅၀၀) ကျပ်ဝန်းကျင်ဖြင့် ဈေးကွက်ပိတ်ခဲ့သည်။

ယခုနှစ်တွင် ပဲဈေးနှုန်းကောင်းမွန်လာနေသော်လည်း မြေသြဇာနှင့်ပိုးသတ်ဆေးဈေးနှုန်းတို့မှာ ယခင်နှစ်ကထက် ပို၍ ဈေးမြင့်တက်လာခဲ့သည်။

ရှမ်းပြည်နယ်ထွက် ပဲလိပ်ပြာကို ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်ဈေးကွက်များသို့တင်ပို့ကာ ပြည်တွင်းစားသုံးမှု မြင့်မားသည့် ပဲအမျိုးအစားဖြစ်သည်ဟု ပဲပွဲစားတို့ကပြောသည်။

Source: http://www.etrademyanmar.com.mm/

## လက်ဖက်ရွက်စိမ်း တစ်ပိဿာ ကျပ် ၂၆၀၀ ဈေးပေါက်

လက်ဖက်ရွက်စိမ်း အဝယ်လိုက်သဖြင့် တစ်ပိဿာ ကျပ် ၂၆၀၀ အထိ ပေါက်ဈေးရှိနေကာ လက်ဖက်ခြောက် ဈေးမြင့်လာသည်ဟု လက်ဖက်လုပ်ငန်းကုန်သည်တို့က ပြောသည်။

"လက်ဖက်ခြောက်က အထွက်နည်းလာတယ်။ ရွက်စိမ်းကို ရွာတွေအထိဆင်းဝယ်နေကြတယ်"ဟု လက်ဖက်ခြောက်ကုန်သည်တစ်ဦးက ဆိုသည်။

သင်္ကြန်အပြီး လက်ဖက်ရွက်ဈေးမြင့်တက်လာခဲ့ပြီး ရွက်စိမ်းတစ်ပိဿာလျှင် ကျပ် ၂၆၀၀ အထိဈေးရရှိလာခဲ့ပြီး လက်ဖက်ခြောက်ဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ကျပ် ၁၅၀၀၀- ၁၈၀၀၀ ဝန်းကျင်ထိ ရောက်ရှိလာနေသည်ဟု ဆိုသည်။

လက်ဖက်ခူးပြီးစ အရွက်စိမ်းများကို ကုန်သည်များက စိုက်ခင်းများအထိ သွားရောက်ဝယ်ယူနေကြသဖြင့် ဈေးကောင်းရရှိကာ လက်ဖက်ခြောက်ထုတ်လုပ်မှုလျော့ကျလာနေကြောင်း ကုန်သည်တို့ကဆိုသည်။

လက်ရှိ လက်ဖက်ခြောက်အထွက်နည်းသဖြင့် ကုန်သည်များလက်ဝယ် လက်ကျန်မရှိသလောက်နည်းပါးနေပြီး တင်ပို့ရောင်းချနိုင်သည့် အနေအထားမရှိကြောင်း သိရသည်။

ရှမ်းတောင်ဒေသထွက် လက်ဖက်ရွက်စိမ်းကို မန္တလေးမြို့မှ ကုန်သည်များက ကျေးရွာများအထိ ဆင်း၍ဝယ်ယူနေကြသဖြင့် ဈေးနှုန်းကောင်းမွန်နေရာ လက်ဖက်စိုက်တောင်သူများမှာလည်း လက်ဖက်ခြောက်ထုတ်လုပ်မှု လျော့ကျလာခဲ့ခြင်းဖြစ်သည်။

**Source: http://www.etrademyanmar.com.mm/**

## အိန္ဒိယနိုင်ငံ၏ မေလ စားအုန်းဆီတင်သွင်းမှုသည် အပြိုင်အဆိုင်ဈေးနှုန်းများကြောင့် လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိ

အိန္ဒိယနိုင်ငံ၏ စားအုန်းဆီတင်သွင်းမှုသည် လေးလအတွင်း အမြင့်ဆုံးသို့ရောက်ရှိလာခဲ့ကာ မေလတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့သည်။ ကမ္ဘာပေါ်တွင် စားသုံးဆီအများဆုံး တင်သွင်း သော အိန္ဒိယနိုင်ငံမှ ယခုကဲ့သို့ စားအုန်းဆီများ မြင့်မားစွာ ဝယ်ယူ တင်သွင်းမှုသည် မလေးရှားစားအုန်းဆီ အနာဂတ်စံညွှန်းကို အထောက်အကူဖြစ်စေနိုင်သည်။ အိန္ဒိယနိုင်ငံ၏ စားအုန်းဆီ တင်သွင်းမှုသည် ၇၆၃,၃၀၀ မက်ထရစ်တန်ထိ မြင့်တက်ခဲ့ပြီး ဇန်နဝါရီလနောက်ပိုင်းမှအစပြု၍ အမြင့်ဆုံးဖြစ်ခဲ့ကြောင်း Solvent Extractors' Association of India (SEA) က ပြောကြားခဲ့သည်။

ပဲဆီတင်သွင်းမှုသည် ၁၆ ရာခိုင်နှုန်းသို့ ၃၂၄,၀၁၆ တန် ကျဆင်းခဲ့ပြီး နေကြာဆီတင်သွင်းမှုမှာ တန်ချိန် ၄၁၀,၇၂၇ သို့ ၇၅ ရာခိုင်နှုန်းခုန်တက်သွားကာ စုစုပေါင်းဟင်းသီးဟင်းရွက်ဆီမှာ တန်ချိန် ၁ ဒသမ ၅ သန်းသို့ ၁၆ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

ပင်လယ်နက်ပိုင်းဒေသမှ ထောက်ပံ့မှုကျဆင်းခြင်းကြောင့် နေကြာဆီဈေး မြင့်တက်နေချိန်တွင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့တွင် ဦးဆောင်ထုတ်လုပ်သူများ ပြတ်လပ်မှုများကြောင့် မကြာသေးမီက ပဲဆီဈေးနှုန်းခုန်တက်ခဲ့ကြောင်း၊ စားအုန်းဆီဈေးနှုန်းများမှာ တည်ငြိမ်နေသဖြင့် အိန္ဒိယနိုင်ငံ ဝယ်လက်များအတွက် ဆွဲဆောင်မှုဖြစ်စေခဲ့ကြောင်း SEA ၏ အမှုဆောင်ဒါရိုက်တာ B.V.Meht က ပြောကြားခဲ့သည်။ စားအုန်းဆီကြမ်း တင်သွင်းမှုသည် ကုန်ကျစရိတ်၊ အာမခံနှင့် ကုန်စည်ပို့ဆောင်မှု အပါအဝင် မက်ထရစ်တစ်တန်တွင် ၉၅၁ ဒေါ်လာခန့် အိန္ဒိယနိုင်ငံသို့ ကမ်းလှမ်းခဲ့ပြီး ပဲဆီတင်သွင်းမှုအတွက် တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ နှင့် နေကြာဆီတင်သွင်းမှုအတွက် ၉၈၇ ဒေါ်လာခန့် အသီးသီးကမ်းလှမ်းထားကြောင်း SEA ၏အဆိုအရ သိရသည်။

ပဲဆီတင်သွင်းမှုသည် နှစ်ပတ်အတွင်း တစ်တန်လျှင် ကန်ဒေါ်လာ ၆၀ ကျော် ဈေးတက်လာသောကြောင့် ဇွန်လတွင် တန်ချိန် ၃၀၀,၀၀၀ အောက်သို့ ကျဆင်းသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် စားအုန်းဆီများအား အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ အဓိကတင်သွင်းလျက်ရှိပြီး ပဲဆီနှင့်နေကြာဆီများအား အာဂျင်တီးနား၊ ဘရာဇီးနှင့်ယူကရိန်းနိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။



**Source: Economictimes**

https://www.doca.gov.mm

## တောင်ကိုရီးယားနိုင်ငံ၏ အကြီးမားဆုံးတင်ပို့သည့်နိုင်ငံနေရာတွင် ရပ်တည်နေသော တရုတ်နိုင်ငံနေရာကို အမေရိကန်နိုင်ငံအစားထိုးလာနိုင်

တောင်ကိုရီးယားနိုင်ငံ၏ အမေရိကန်သို့တင်ပို့မှုသည် ယခုနှစ်တွင် ၂၂ နှစ်အတွင်း ပထမဆုံးအနေဖြင့် တရုတ်နိုင်ငံကို ကျော်ဖြတ်နိုင်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ဇန်နဝါရီလမှ မေလအတွင်း အမေရိကန်သို့ တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံသို့တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆၉ ဘီလီယံရှိကြောင်းသိရသည်။ ကုမ္ပဏီကြီးများသည် ၎င်းတို့၏ တင်ပို့မှုဦးတည်ရာကို လွန်ခဲ့သည့်နှစ်ကတည်းက ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများမှာ ၎င်းတို့၏ တင်ပို့မှုပုံစံကို နှစ်၂၀ အတွင်း ပထမဆုံးအနေဖြင့် ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဤပမာဏအတိုင်း ရှေ့ဆက်သွားမည်ဆိုပါက ၂၀၀၂ ခုနှစ်နောက်ပိုင်း ပထမဆုံး အနေဖြင့် အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၇၁ ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၈၁ ဘီလီယံရှိခဲ့သည့် အတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ဘီလီယံ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ လွန်ခဲ့သည့်နှစ်ထက် ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး အဓိကအားဖြင့် မော်တော်ယာဉ်များနှင့် ဘတ္တရီအိုးများ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံသို့ တင်ပို့မှုပမာဏမှာ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၁၁ ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၉ ဘီလီယံရောက်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပထမဆုံးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်သွားကြောင်း သိရသည်။ သို့သော် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၂၀၂၁ ခုနှစ်တွင် စံချိန်တင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၆၂ ဒသမ ၉၁ ဘီလီယံရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇၉ ဘီလီယံနှင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၈၁ ဘီလီယံအထိ ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော် တင်ပို့မှုဦးတည်ရာ အလားအလာမှာ တရုတ်နိုင်ငံ၏ စီးပွားရေးနာလန်ထူလာမှုကြောင့် ပြောင်းလဲနိုင်ကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ယခုနှစ်၏ ပထမလေးလတာကာလတွင် စီးပွားရေးတိုးတက်မှု ၅ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး ခန့်မှန်းမှုများကို ကျော်ဖြတ်နိုင်ခဲ့ကာ မေလတစ်လတည်းတွင်ပင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၃၀၂ ဒသမ ၃၅ ဘီလီယံထိ တင်ပို့နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်၊ မေလထက် ၇ ဒသမ ၆ ရာခိုင်နှုန်း တင်ပို့မှုမြင့်တက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံစီးပွားရေးနှင့် ဘဏ္ဍာရေးသုတေသနအသင်း၏ အကြီးအကဲဖြစ်သူ Jean Byung Seo က အကယ်၍ တစ်ပိုင်းလျှပ်ကူးပစ္စည်းနှင့် Display ဖန်သားပြင်ကဲ့သို့သော အလယ်အလတ်ကုန်ပစ္စည်းများ တင်ပို့မှုမြင့်တက်လာပါက တရုတ်နိုင်ငံသည် နှစ်ကုန်တွင် ကိုရီးယား၏ အကြီးမားဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေမှာ တည်ငြိမ်နေသော်လည်း စီးပွားရေးအလုံးစုံမှာကျဆင်းလျက်ရှိကြောင်းနှင့် အကျိုးဆက်များကို အနီးကပ်စောင့်ကြည့်ရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

**Source: Indina Shipping News**

https://www.doca.gov.mm

## ကျွမ်းကျင်လုပ်သား ခေါ်ယူမှုအတွက် အရှေ့အတောင်အာရှနှင့် ဥရောပဒေသတို့အပေါ် ဟောင်ကောင်ဒေသ ပစ်မှတ်ထား

ဟောင်ကောင်ဒေသ အစိုးအရအနေဖြင့် လာမည့်နှစ်တွင် အရှေ့အတောင်အာရှနှင့် ဥရောပ ဒေသတို့မှ ကျွမ်းကျင်သူများကို အဓိကထားခေါ်ယူခန့်ထားသွားမည်ဖြစ်ပြီး မလေးရှားနိုင်ငံမှ ပထမဆုံးခေါ်ယူသွားမည်ဖြစ်သည်ဟု ဟောင်ကောင်ဒေသအစိုးရ လူမှုဖူလုံရေးနှင့် အလုပ် သမားရေးရာဝန်ကြီး Chris Sun က ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း rthk သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်တွင် “Govt to focus talent recruit in Southeast Asia, Europe” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အရှေ့တောင်အာရှနိုင်ငံများမှ ဒေသခံများသည် အင်္ဂလိပ်နှင့်တရုတ်ဘာသာစကားများကို ကျွမ်းကျင်ကြပြီး၊ ဟောင်ကောင်ဒေသသို့ လာရောက်အလုပ်လုပ်ကိုင်လိုကြသည်ကို အဆိုပါဒေသသို့ ခရီးစဉ်သွားရောက်ချိန်တွင် တွေ့မြင်ခဲ့ကြောင်း၊ ထို့ပြင် အရှေ့တောင်အာရှနိုင်ငံများ၌ အရည်အချင်းရှိသူ အများအပြားရှိနေပြီး ဟောင်ကောင်ဒေသအနေဖြင့် ခေါ်ယူခန့်ထားသင့်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ ငွေရေးကြေးရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို ဥရောပဒေသမှ ခေါ်ယူခန့်ထားသွားမည်ဖြစ်သည်ဟု Chris Sun က rthk သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းချိန်တွင် ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ကျွမ်းကျင်သူခန့်ထားရေးအပြင် ပြုစုစောင့်ရှောက်ရေးလုပ်သားများ အရေအတွက်တိုးမြှင့်ခေါ်ယူမည့် သုံးနှစ်စီမံချက်နှင့်စပ်လျဉ်း၍လည်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ စီမံချက်အရ စောင့်ရှောက်ရေးစင်တာများတွင် ခန့်ထားနိုင်ရန် ပြုစုစောင့်ရှောက်ရေးလုပ်သားများ ခေါ်ယူမှုကို ယခင်နှစ်ဇွန်လတွင်စတင်ခဲ့ကြောင်း၊ သက်ကြီးရွယ်အိုအရေအတွက်နှင့် လုပ်သားအင်အားဆုံးရှုံးမှုကဲ့သို့သော အချက်အလက်များကို ထည့်သွင်းတွက်ချက်ပါက လာမည့်သုံးနှစ်တွင် ဟောင်ကောင်ဒေသ၌ ပြုစုစောင့်ရှောက်ရေး လုပ်သားအရေအတွက် ၈၀၀၀ ခန့် လိုအပ်ဖွယ်ရှိသည်ဟု ပြောကြားခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားသည်။

**(စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

https://myantrade.gov.mm/

## စားနပ်ရိက္ခာဖူလုံရေးအတွက် ဂျပန်အစိုးရနှင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးခဲ့

ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံရှိ ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအားတွေ့ဆုံ၍ စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ မဟာဗျူဟာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

အဆိုပါသတင်းတွင် ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုများပြင်းထန်လာပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်စေလျက်ရှိခြင်းကြောင့် ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ဆွေးနွေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ စိုက်ပျိုးရေးဝန်ကြီး Mr. Sakamoto Tetsushi က ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့်စားနပ်ရိက္ခာများကို စျေးနှုန်းသက်သာစွာဖြင့် လိုအပ်သလောက် တင်သွင်းနိုင်တော့မည်မဟုတ်ကြောင်း၊ ကောက်ပဲသီးနှံတင်သွင်းနိုင်မှုအခြေအနေမှာ များစွာပြောင်းလဲလျက်ရှိကြောင်း၊ ထို့ကြောင့် ဂျပန်နိုင်ငံသို့တင်ပို့မည့် ကောက်ပဲသီးနှံများကို သိုလှောင်ထိန်းသိမ်းရန်နှင့် တင်ပို့ရန်အတွက် လိုအပ်သည့်အခြေခံအဆောက်အဦများကို တင်ပို့မည့်နိုင်ငံများတွင် တည်ဆောက်နိုင်ရေး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးက ကတိပြုပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ပို့ကုန်သွင်းကုန်ကုမ္ပဏီကြီးများအနေဖြင့် ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မည့်နိုင်ငံများတွင် ရထားလမ်းနှင့် ဆိပ်ကမ်းကဲ့သို့သော အခြေခံအဆောက်အဦများ တည်ဆောက်နိုင်ရေးအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance)များ ပေးအပ်နိုင်ရေးအတွက်လည်း တောင်းဆိုခဲ့ကြကြောင်း၊ ထို့အတူ ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပို့ကုန်ဆိုင်ရာစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းလွယ်ကူလာစေရေးနှင့် ကောင်းမွန်လာစေရေးတို့အပြင် အဆိုပါလုပ်ငန်းစဉ်များကိုလည်း ဂျပန်နိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့်နိုင်ငံများသို့ ဖြန့်ဝေပေးရန် တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် ဂျုံ၊ ပဲပိစပ်၊ အခြားသောကောက်ပဲသီးနှံများနှင့် ဓာတ်မြေသြဇာများကို ပြည်ပမှ အဓိကတင်သွင်းသုံးစွဲလျက်ရှိကြောင်း၊ သို့သော် ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ တရုတ်နှင့်အခြားသော ကမ္ဘာ့နိုင်ငံများ၏ ဝယ်လိုအားမြင့်မားလာမှုတို့ကြောင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားမှုများ ကြုံတွေ့ရလျက်ရှိကြောင်း ဖော်ပြထားသည်။

**Source: The NHK World Japan (၁၈-၆-၂၀၂၄)**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

# STOCK EXCHANGE (20.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,535 (Shares) | 25,852,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,100 | 9,000 | 1,636 | 14,727,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 1,631 | 5,300,750 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,300 | 8,400 | 8,300 | 42 | 348,700 | 10,400,986 | 87,368 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 845 | 1,445,000 | 29,664,613 | 50,430 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 1 | 2,850 | 12,823,224 | 36,546 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 1,950 | 737 | 1,459,100 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 256 | 1,254,400 | 10,497,598 | 51,438 |
| MAEX | 00008 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,350 | 387 | 1,314,450 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.86 | +0.08 | +0.02% | 409.41 | 411.17 | 407.70 | 5,535 | 25,852,250 | 8 | 771,181 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 20th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 5,535 (Shares) | 25,852,250 (MMK) |

### Main Board

As of 1:00 pm, 20th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,535 (Shares) | 25,852,250 (MMK) |

| MYANPIX | 408.86 ▲ 0.08 |
|---|---|
| Total Volume (shares) | 5,535 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,181 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |
| MAEX | 00008 | 3,400 | ▲ 50 |